# THE CALL AND DUTIES OF A GOD-HONORING MISSIONARY (OR MISSIONS SUPPORTER IN THE MISSIONS FIELD)

# ဘုရားသခင်ကို ရိုသေလေးစားသော သာသနာပြုသူ (သို့မဟုတ် သာသနာကွင်းများ၌ သာသနာများကို ထောက်ပံ့ပေးသူ) ၏ ခေါ်ခြင်းနှင့် တာဝန်များ။

ဘုရားသခင်၏ မြင့်မြတ်သောလက်တော်ဖြင့် ခရစ်တော်၏အမှုတော်အတွက် နိုင်ငံပေါင်း (၃၀) ခန့်သို့ သွားရောက်ခဲ့ပြီး ဖြစ်သောကြောင့်၊ ယနေ့ခေတ်တွင် ကျယ်ပြန့်သော စပါးရိတ်သိမ်းရာ လယ်ကွင်းများ၌ ကတိသစ္စာပြုပြီး၊ လေ့ကျင့်ထားသော သာသနာပြုသူများ ရှားပါးနေကြောင်း ကျွန်ုပ်တို့ သတိပြုမိပါသည်။ မဿဲ ၉:၃၇-၃၈ တွင် *"ထိုအခါ ကိုယ်တော်က၊ စပါးရိတ်စရာ များစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ ထို့ကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှာ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူ၏။"* သို့သော်၊ ဤအရေးတကြီးလိုအပ်ချက်နှင့်အတူ ဟောပြောသောသူများနှင့် သာသနာပြုသူများကို ဘုရားသခင်အား ဂုဏ်ပြုသောအားဖြင့် စစ်ဆေးပြီး၊ ပြင်ဆင်ပေးရန်လည်း တာဝန်ရှိပါသည်။ သို့မှသာ သူတို့သည် သာသနာကွင်းတွင် အမှန်တကယ်ခေါ်ခြင်းခံရပြီး၊ ထိရောက်မှုရှိကာ၊ မဟာအမိန့်တော်ကို ပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်သည်။

သာသနာကွင်းတွင် မှန်ကန်သောတာဝန်ကို အာရုံစိုက်ပြီး၊ ကတိသစ္စာပြုရန်လည်း အရေးကြီးကာ၊ စာတန်မာရ်နတ်၏ အာရုံပျံ့လွင့်ခြင်း သို့မဟုတ် သွေးဆောင်ခြင်းကို မခံရန်လည်း အရေးကြီးပါသည်။ အောက်ပါ (၅) ချက်သည် ထာဝရဘုရား၏ ခေါ်ခြင်းနှင့် အရည်အချင်းပြည့်မီသော သာသနာပြုသူတစ်ဦးအတွက် လိုအပ်သော တာဝန်များစာရင်းဖြစ်သည်။

## Proves the Call of God

## ဘုရားသခင်၏ခေါ်ခြင်းကို သက်သေပြခြင်း။

ပထမဦးစွာ၊ သူ/သူမသည် သာသနာပြုကွင်းထဲသို့ သူ၏ခေါ်ခြင်းနှင့်ပတ်သက်သည့် ဘုရားသခင်၏အလိုတော်ကို ရှာဖွေပြီး ဟေရှာယ ၆:၈ တွင် ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏ အချုပ်အခြာအာဏာပိုင်သော ရည်ရွယ်ချက်ကို နှိမ့်ချစွာ အစေခံရန် လိုအပ်မည်ဖြစ်သည်။ *"တစ်ဖန်*

*ထာဝရဘုရားက၊ ငါသည် အဘယ်သူကို စေလွှတ်ရမည်နည်း။ ငါတို့အဖို့ အဘယ်သူသွားမည်နည်းဟု မေးတော်မူသံကို ငါကြားလျှင်၊ ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက် လေ၏။"*

ယေရမိ မမွေးဖွားမီကပင် ထာဝရဘုရားသည် ခေါ်တော်မူခဲ့ပြီး၊ ဘုရားသခင်အသုံးပြုရန် အတွက် သီးသန့်ခွဲထားတော်မူခဲ့သကဲ့သို့ပင်ဖြစ်ကာ၊ အချို့သောသူတို့သည် တစ်နေ့တွင် ဘုရားသခင် ၏ လေးနက်သောခေါ်သံကို ခွဲခြားသိမြင်ပြီး၊ နားထောင်ကာ၊ ကောင်းကင်ဘုံ၏အလိုတော်ကို ပြည့်စုံ စေရန် လိုအပ်လိမ့်မည် (ယေရမိ ၁:၅)။ သင်ရှင်းလင်းစွာမသိပါက မဝင်ပါစေနှင့်။ ၎င်းသည် သင့် အတွက် ဘုရားသခင်၏အချုပ်အခြာအာဏာပိုင်သော အလိုတော်ဖြစ်သည်။ သို့သော်၊ ဘုရားသခင်၏ သန့်ရှင်းသောအလိုတော်ဖြစ်ပါက၊ ဘုရားသခင်၏ ခေါ်ခြင်းကို သင်နာခံလိုစိတ်ရှိပါမည်လား။ ၎င်းကို အတွင်းစိတ်ယုံကြည်ချက်၊ နှုတ်ကပတ်တော်၊ ဆုတောင်းခြင်းနှင့် စောင့်ဆိုင်းခြင်းအပြင် သင့် အသင်းတော်နှင့် သင့်မိသားစု၏ ခေါင်းဆောင်များအပါအဝင် အတည်ပြုရပါမည်။

## Practices the Commands of God

## ဘုရားသခင်၏ပညတ်တော်များကို ကျင့်သုံးခြင်း။

သူသည် အထူးသဖြင့် မဟာတာဝန်ကို ပြီးမြောက်အောင်မြင်စေရန်နှင့် ဘုရားသခင်၏ များပြားလှသော ကျေးဇူးတော်ကို စောင့်ရှောက်သူအဖြစ် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံ ရန် ကြိုးစားအားထုတ်လိမ့်မည်။ ရောမ ၁:၁၆ တွင် ပေါလုက *"ငါသည် ခရစ်တော်၏ ဧဝံဂေလိတရား ကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေးဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော် ဖြစ်သည်။"* ဟုဆိုထားပြီး၊ ၁ကော ၉:၁၆ တွင် *"ငါသည် ဧဝံဂေလိတရားကို ဟောရုံပြုလျှင် ဝါကြွားခြင်း အကြောင်းမရှိသေး။ အဘယ်ကြောင့်နည်းဟူမူကား၊ မဟောဘဲမနေနိုင်။ မဟောဘဲနေလျှင် အမင်္ဂလာ ရှိ၏။"* သူသည် သူသွန်သင်သည့်အတိုင်း လက်တွေ့လုပ်ဆောင်ခဲ့သည်။ သူ/သူမသည် မှန်ကန်သော ရှီဖောမ့်ဓမ္မကောလိပ်တွင် ဓမ္မပညာကို လေ့ကျင့်သင်ကြားထားသင့်ပြီး၊ ကျေးဇူးတော်၏ အယူဝါဒများ ကို လက်တွေ့ကျကျ သိရှိထားသင့်သည်။

## Proclaims the Gospel of God

## ဘုရားသခင်၏ ဧဝံဂေလိတရားကို ဟောပြောခြင်း။

သူ/သူမသည် လုကာ ၂၄:၄၄-၄၅ တွင် ဖော်ပြထားသည့်အတိုင်း ခရစ်တော်၏ ထာဝရ ဧဝံဂေလိတရားကို ရှင်းလင်းစွာ ဟောပြောရန် စိတ်ပိုင်းဖြတ်ထားသည်။ *“တစ်ဖန်မိန့်တော်မူသည်ကား၊ မောရှေ၏ပညတ္တိကျမ်းစာ၌လည်းကောင်း၊ ပရောဖက်တို့၏ကျမ်းစာ၌လည်းကောင်း၊ ဆာလံကျမ်းစာ၌လည်းကောင်း၊ ငါ့ကိုရည်မှတ်၍ ရေးထားသမျှသောအချက်တို့သည် ပြည့်စုံရမည်ဟု ငါသည် သင်တို့နှင့်အတူရှိစဉ်အခါ သင်တို့အား ဟောပြောသော အကြောင်းအရာတို့ကား ဤအကြောင်းအရာပေတည်းဟု မိန့်တော်မူ၏။ ထိုအခါ ကျမ်းစာကို နားလည်စေခြင်းငှာ တပည့်တော်တို့၏ဉာဏ်ကို ဖွင့်တော်မူလျှင်”*

ဟေရှာယ ၆၁:၁-၂ တွင်လည်း *“ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကို ဘိသိတ်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွတ်ခြင်းအကြောင်းနှင့်၊ အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးကိုဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှာလည်းကောင်း၊- ထာဝရဘုရား၏မင်္ဂလာနှစ်နှင့်၊ ငါတို့ဘုရားသခင် အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ စိတ်မသာ ညည်းတွားသောသူတို့အား နှစ်သိမ့်စေခြင်းငှာလည်းကောင်း၊”* ဟု ကျွန်ုပ်တို့အား ပြောပြထားပါသည်။

သူ/သူမ၏ တစ်ခုတည်းသော ဝန်ထုပ်ဝန်ပိုးမှာ ခရစ်တော်အတွက် ကယ်တင်ခြင်းခံရပြီး၊ ငရဲ၏ ထာဝရမှောင်မိုက်မှ ကယ်လွှတ်ခြင်းခံရကာ၊ ကယ်တင်ခြင်း၏ အံ့ဖွယ်အလင်းထဲသို့ မီးလျှံဝင်ကာ ကျေးဇူးတော်၏ အယူဝါဒများတွင် ပြုစုပျိုးထောင်ခံရသော ဝိညာဉ်များကို မြင်တွေ့ရခြင်း ဖြစ်သည်။ တမန်တော်ဝတ္ထု ၂၀:၂၄ တွင် ပေါလုက သူ၏ဘဝရည်မှန်းချက်နှင့် ဤသို့ဆိုသည် *“သို့ရာတွင် ဘုရားသခင်၏ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှာ၊ သခင်ယေရှု၏လက်မှ ငါခံခဲ့ပြီးသော ဓမ္မဆရာအမှုတည်းဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာ ပြီးစီးစေမည်အကြောင်း၊ ထိုသွင်းဆဲခြင်းအမှု တစ်စုံတစ်ခုကိုမျှ ငါသည်ပမာဏမ ငါ့ကို မလှုပ်ရှားစေ၊ ငါ့အသက်ကိုလည်း ငါ့အတွက် တန်ဖိုးထားပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းမရှိ။”* ဟုဆိုသည်။ ဗျာဒိတ် ၁၄:၆-၇ တွင် တမန်တော်ယောဟန်က ကျွန်ုပ်တို့အား သတိပေးသည်မှာ *“မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခမ်းသိမ်းတို့အား ထာဝရဧဝံဂေလိတရားကို ဟောရသော ကောင်းကင်တမန်တစ်ပါးကာ၊- ဘုရားသခင်ကို ကြောက်ရွံ့၍*

*ချီးမွမ်းကြလော့။ တရားစီရင်တော်မူသော အချိန်ရောက်လာပြီ၊ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့်ပြောဆို၍ ကောင်းကင်အလယ်၌ ပျံဝဲလျက်ရှိသည်ကို ငါမြင်၏။"*

## Propagate the Work & Word of God

## ဘုရားသခင်၏အမှုတော်နှင့် နှုတ်ကပတ်တော်ကို ပြန့်ပွားစေခြင်း။

သူ/သူမသည် ဘာသာစကားအသစ်တစ်ခုကို သင်ယူရန် သို့မဟုတ် သာသနာပြုသူအဖြစ် တာဝန်ထမ်းဆောင်ရမည့် လူများ၏ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရန် လိုအပ်ပေမည်။ သူသည် ဘုရားသခင်အလိုတော်အတိုင်း ဘာသာပြောင်းလဲပြီးနောက်၊ တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုနှင့် တပည့်ဖြစ်စေခြင်းတွင် သာသနာပြုလုပ်ငန်းကို တည်ဆောက်ရန်လည်း ရည်စူးထားသည်။ သူသည် ဒေ‌န္တရအသင်းတော်တစ်ပါး၏ ထောက်ပံ့မှုကို ရရှိထားပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ဆိုင်ရာ အသိပညာဆိုင်ရာ လေ့လာမှုနှင့် သွန်သင်ချက်များတွင် တာဝန်ယူမှုရှိသော အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၁ကော ၃:၉-၁၀ တွင် *"ငါတို့သည် ဘုရားသခင်ထံ၌ အလုပ်လုပ် သူချင်းဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ ဥယျာဉ်တော်ဖြစ်ကြ၏။ ဘုရားသခင်၏ ကျောင်းတော်တိုက်လည်းဖြစ်ကြ၏။ ဘုရားသခင်၏ ကျေးဇူးတော်ကို ငါခံရသည်နှင့်အညီ၊ လိမ္မာသော ဗိသုကာကဲ့သို့ တိုက်မြစ်ကိုချပြီ။ အခြားသောသူသည် ထပ်ဆင့်၍တည်ဆောက်လေ၏။ သို့ရာတွင်၊ အဘယ်သို့ ထပ်ဆင့်၍၊ တည်ဆောက်သည်ကို လူတိုင်းသတိပြုပါစေ။"* သူသည် စည်းကမ်းရှိပြီး၊ စိတ်ဆုံးဖြတ်ထားသော တွဲဖက်လုပ်ဖော်ကိုင်ဖက်နှင့် ဘုရားသခင်၏နိုင်ငံတော်ကို တည်ဆောက်သူဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြိုးစားအားထုတ်သော ကျောင်းသားတစ်ဦးဖြစ်သည်။ ၂တိ ၂:၁၅ တွင် *"သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့။"* ဟု ဖော်ပြ ထားသည်။ သင့်မှာမရှိသည့်အရာကို သင်မပေးနိုင်ပါ။

## Promotes the Glory of God

## ဘုရားသခင်၏ဘုန်းတော်ကို မြှင့်တင်ပေးခြင်း။

သူ/သူမသည် မှန်ကန်သော ရိုဖော့မ် ဓမ္မကောလိပ်၌ ဘာသာရေးသင်တန်းတချို့ တက်ရောက်ပြီး၊ သမ္မာကျမ်းစာကို ယုံကြည်သည့်အသင်းတော်ကို တက်ရောက်ကာ၊ ထိုအသင်းတော်၏ အမှုတော်မြတ်တွင် အရင်ဆုံး တက်ကြွစွာ ပါဝင်သင့်ပါသည်။ သူသည် Soli Deo Gloria (ဘုရားသခင်၏ဘုန်းတော်အတွက် သာလျှင်) ကို ချီးမြှင့်ခံရပြီး၊ သူ့၏ဘုန်းတော်ကို ချီးမြှင့်ခံရပါသည်။ ယေရမိ ၉:၂၃-၂၄ တွင် ထာဝရဘုရား မိန့်တော်မူခဲ့သည်ကို ကျွန်ုပ်တို့ မှတ်မိပါသည်- *"ထာဝရဘုရား မိန့်တော်မူသည်ကား၊ ပညာရှိသောသူသည် မိမိပညာ၌ မဝါကြွားစေနှင့်။ ခွန်အားကြီးသောသူသည် မိမိခွန်အား၌ မဝါကြွားစေနှင့်။ ဥစ္စာရှိသောသူသည် မိမိဥစ္စာ၌ မဝါကြွားစေနှင့်။ ဝါကြွားသောသူမည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသော ထာဝရဘုရားဖြစ်ကြောင်းတည်းဟူသော၊ ငါ့သဘောကို သိနားလည်ခြင်း၌သာ ဝါကြွားစေ။ ငါသည် ထိုအရာတို့၌ မွေ့လျော်သည်ဟု ထာဝရဘုရား မိန့်တော်မူ၏။"*

သူ/သူမသည် စည်းကမ်းရှိပြီး၊ ဆက်ကပ်အပ်နှံထားသူ၊ ကိုယ်ကျိုးစွန့်သူ၊ နှိမ့်ချသူဖြစ်ပြီး၊ ထာဝရဘုရားအတွက် သူ၏အမှုတော်မြတ်နှင့် သစ္စာရှိခြင်း၌ ကိုယ့်ကိုကိုယ် ငြင်းပယ်ခြင်းနှင့် အပ်နှံခြင်းကို ကျင့်သုံးသည်။ သူ/သူမသည် လောကီအင်ပါယာကို တည်ဆောက်နေခြင်းမဟုတ်ဘဲ ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို တည်ထောင်နေခြင်း ဖြစ်သည်။

ဟောပြောခြင်း၊ သွန်သင်ခြင်း၊ တည်ဆောက်မှုဆောင်းပါးများရေးသားခြင်း၊ အသင်းတော်အဆောက်အအုံကို ထိန်းသိမ်းခြင်း၊ အသင်းတော်ငွေစာရင်းများကို အပ်ဒိတ်လုပ်ခြင်း၊ သွားလည်ပတ်ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ တပည့်တော်ဖြစ်စေခြင်း၊ အမှုတော်ဆောင်ခြင်း၊ ဆုတောင်းခြင်း၊ ဧဝံဂေလိလုပ်ငန်းကဲ့သို့သော အခြားလက်တွေ့ကျသော တာဝန်များရှိပါသည်။ အသင်းတော် စီမံခန့်ခွဲရေး၊ စေလွှတ်သော အသင်းတော်နှင့် အခြားသူများအား ဆက်သွယ်ခြင်းများ ဖြစ်သည်။

## နိဂုံး။

ဤဘဝတွင် ဘုရားသခင် ဘုန်းတော်ထင်ရှားခြင်းနှင့် ကိုယ်တော်နှင့်အတူ အစဉ်အမြဲ ပျော်ရွှင်ခြင်းထက် အဓိပ္ပာယ်ရှိသော ဝမ်းမြောက်ခြင်း သို့မဟုတ် ရည်ရွယ်ချက် မရှိပေ။ စစ်မှန်သော သာသနာပြုသူသည် ဝိညာဉ်များကို ကယ်တင်ခြင်း၌ ခရစ်တော်၏ အမှုတော်အတွက် လုံးဝအပ်နှံပြီး

ပေးအပ်ခံရသည်။ သူသည် ခရစ်တော်နောက်သို့ လိုက်လျှောက်ရန်နှင့် ကိုယ်တော်၏ အမိန့်တော်ကို နာခံရန် ကတိပြု၊ ဆက်ကပ်အပ်နှံထားသော တပည့်တော်တစ်ဦးဖြစ်ပြီး၊ သူ့အသက်တာ၏ အဆုံးအထိ ၎င်းကို ပြီးမြောက်အောင် လုပ်ဆောင်မည်ဖြစ်သည်။ ၎င်းကို William Carey၊ Hudson Taylor၊ Adoniram Judson နှင့် David Livingstone တို့၏ အသက်တာများနှင့် ဘုရားသခင်၏ သစ္စာရှိသော အစေခံများစွာ၌ မြင်တွေ့နိုင်သည်။

ယနေ့တွင် သခင်ဘုရားသည် သာသနာပြုခရီးစဉ် (နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်) သို့သွားရန် သို့မဟုတ် သာသနာပြုသောသူ သို့မဟုတ် သာသနာပြုလုပ်ငန်းကို ထောက်ပံ့သူဖြစ်စေရန် ခေါ်တော်မူပါသလား။ ၎င်းကို လျစ်လျူမရှုဘဲ စိတ်ရှည်စွာ ဆုတောင်းပြီး သင့်သင်းအုပ်ဆရာ သို့မဟုတ် အသင်းတော်လူကြီးနှင့် ဆွေးနွေးပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဦးစွာ တပ်ဆင်ပြီး၊ ဝိညာဉ်များကို ကယ်တင်ခြင်းအတွက် ခရစ်တော်၏ ဘုန်းအသရေရှိသော ဧဝံဂေလိတရားကို မျှဝေကြေညာရန် ဘုရားသခင်အလိုတော်ရှိမရှိ ရှာဖွေပါ။

**Rev. Dr. Jack Sin**

**Sovereign Hope BP Church (Singapore)**

**ဘာသာပြန်သူ - Myitta**